# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ တရားရုံးချိန်း။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊

ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် အဖွဲ့ဝင်(၁၈)ဦးဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် ဦးအောင်မင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းထားခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ကချင်ပြည်နယ်ရှိ မိုးကောင်း - ဖားကန့်ကားလမ်းအား အဆင့်မြင့် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က ကချင်ပြည်နယ်ရှိ မိုးကောင်း - ဖားကန့်ကားလမ်းအား အဆင့်မြင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးကောင်းနဲ့ ဖားကန့်မြို့ကို ဆက်သွယ်ထားတဲ့ ကားလမ်းကို အဆင့်မြင့် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မိုးကောင်းမြို့နဲ့ ဖားကန့်မြို့ဟာ ကားလမ်းအားဖြင့် (၆၂)မိုင်နဲ့ (၄)ဖာလုံကွာဝေးပါတယ်။ အဲဒီလမ်းဟာ အထူးသဖြင့် မိုးတွင်းကာလမှာ သွားရေးလာရေးဟာ အင်မတန်ကို ခက်ခဲလျက်ရှိပါတယ်။ အဲဒါကြောင့် ကုန်အပြည့်တင်ထားတဲ့ ကားကြီးတွေဟာ သွားတဲ့အခါမှာ လမ်းမှာ ဗွက်နစ်လို့ ရှိရင် အဲဒီတော့ အဲဒီကားတွေကို ဆွဲတက်ဖို့ ကားတွေကလည်း တစ်ခါပြန်ပြီးတော့ ဆွဲထုတ်တဲ့ ကားတွေဟာ ပြန်နစ်တာတွေရှိတယ်။ ပြီးတော့ ရှောင်ကွင်းသွားမယ်ဆိုလည်း သွားစရာ အင်မတန် ခက်ခဲပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဖားကန့်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း က လည်း အဲဒီလမ်းကို အဆင့်မြင့်ပြုပြင်ပေးဖို့ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို မေးမြန်းတဲ့ အခါမှာ ဆောက်လုပ်ရေးဝန်ကြီးက ယခုလို ပြန်လည်ဖြေကြားခဲ့ပါတယ်။ မိုးကောင်းမြို့နဲ့ ပါဟုတ်အထိ (၈)မိုင်အကွာအဝေးကို တောက်ပကျက်သရေဇာတိမြေကုမ္ပဏီလီမိတက်က B.O.T စနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ လမ်းပိုင်းဖြစ်ကြောင်း ကျန်လမ်းအပိုင်းကို ခိုင်မာသောပန်းတိုင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်တဲ့ အပိုင်းဖြစ်ပြီး၊ ၎င်းလမ်းအပိုင်းတွင် ကတ္တရာလမ်း (၂)မိုင် (၆)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၂)ဖာလုံနဲ့ အမာခံလမ်း (၄၉)မိုင် (၄)ဖာလုံ၊ စုစုပေါင်း (၅၄)မိုင်နဲ့ (၄)ဖာလုံဖြစ်ကြောင်း၊ ၎င်းကုမ္ပဏီသည် ၇-၄-၂၀၁၁ ရက်နေ့မှာ B.O.T

လုပ်ငန်းများ လုပ်ပိုင်ခွင့်ကို ပြန်လည်အပ်နှံခဲ့ကြောင်း၊ လက်ရှိ အခြေအနေအရ လုပ်ငန်းရှင်(၅)ဦးက ပါဟုတ်-ဖားကန့် ကားလမ်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ရရှိရန် ကချင်ပြည်နယ်အစိုးရထံသို့ လျှောက်လွှာတင်ထားကြောင်း၊ ကချင်ပြည်နယ်အစိုးရက ခိုင်မာတောင့်တင်းသည့် ကုမ္ပဏီကို ရွေးချယ်နေကြောင်း၊ ပြည်နယ်အစိုးရ၏ ထောက်ခံရွေးချယ်တဲ့ ကုမ္ပဏီကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ B.O.T စနစ် စာချုပ်ချုပ်ဆို၍ လုပ်ငန်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် ပွင့်လင်းရာသီတွင် မိုးကောင်း-ဖားကန့် ကားလမ်း ယခုထက် ပိုမိုကောင်းမွန်အောင် B.O.T ရရှိသည့် ကုမ္ပဏီများအား တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလနဲ့ ယခုကာလဟာ (၂)နှစ်ကျော်ကာလ ရှိပြီဖြစ်ပါတယ်။ အဲဒီလမ်းဟာ ယခုအချိန်အထိ B.O.T စနစ်နဲ့ရော၊ ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပါ တစ်စုံတစ်ရာ ပြင်ဆင်နိုင်ခြင်း မရှိသေးပါဘူး။ အဲဒီတော့ လမ်းရဲ့အခြေခံ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ အမာခံအဆင့် လမ်းဟာ လမ်းရဲ့ (၉၀)ရာခိုင်နှုန်း ရှိပါတယ်။ ဒါကြောင့်မို့ အဲဒီလမ်းဟာ (၂)နှစ်ကျော်ကာလမှာ ပြင်ဆင်ခြင်းမရှိတဲ့ အတွက်ကြောင့်မို့လို့ ယခုအချိန်ဆိုရင် တော်တော်လေးကို အခြေအနေဆိုးရွားနေတဲ့ အခြေအနေရှိပါတယ်။ အဲဒီတော့ လမ်းကောင်းတဲ့အခါမှာ (၂)နာရီ၊ (၃)နာရီနဲ့ သွားလို့ရတဲ့ ခရီးကို ခုနတုန်းကလို ကားကြီး(၁)စီးဟာ လမ်း ဗွက်နစ်နေလို့ရှိရင် (၃)၊ (၄)ရက်ခရီး ကြာပါတယ်။ အဲဒီတော့ အဲဒီလို ကြန့်ကြာတဲ့အတွက်ကြောင့်မို့လို့ စားရေးသောက်ရေးနဲ့ စားကုန်သောက်ကုန်တွေ လူသုံးကုန်ပစ္စည်းတွေဟာ ဈေးက အင်မတန်မြင့်သွားပါတယ်။ ဒါကြောင့်မို့ ဒေသခံများဟာ ဒါတော်တော်ကို လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့ တော်တော်အခက်အခဲ ရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီလမ်းကို ဘာလို့ အခုအချိန်အထိ မပြင်နိုင်သေးတာလဲလို့ ကျွန်တော်တို့ ပြန်ပြီးတော့ စဉ်းစားသုံးသပ်တဲ့အခါမှာ အချက်(၂)ချက် ကို သွားတွေ့ပါတယ်။ ပထမတစ်ချက်ကတော့ နယ်မြေလုံခြုံရေး မရှိမှုအပိုင်း ဖြစ်ပါတယ်။

နောက် တစ်ခုကတော့ ကျွန်တော်တို့ အရင်းအနှီး ခိုင်မာတောင့်တင်းတဲ့ ကုမ္ပဏီ မရှိခြင်းကြောင့် ဖြစ်တယ်လို့ ဒီလိုပဲ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ နယ်မြေလုံခြုံရေးနဲ့ ပတ်သက် လို့လည်း အရင်ကတော့ ဒါ ၂၀၁၁ ခုနှစ်၊ (၆)လပိုင်းကစပြီးတော့ ဒါ ငြိမ်းချမ်းရေး၊ အပစ်အခတ် ရပ်စဲရေးယူထားတာကနေပြီးတော့ တိုက်ပွဲတွေ ပြန်ဖြစ်လာပါတယ်။ တိုက်ပွဲတွေဖြစ်လာတဲ့ ယခုလက်ရှိ အခြေအနေမှာလည်း ဒါ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ပြည်ထောင်စုအဆင့်နဲ့လည်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ တကယ်ဆိုးရွားတဲ့ ကျွန်တော်တို့ ဒီ လိုင်ဇာနဲ့ ဆက်စပ်နေတဲ့ ဒေသပေါ့၊ ဆက်စပ်နေတဲ့ ဒေသဖြစ်တဲ့၊ တကယ်ဆိုးရွားတဲ့ ဗန်းမော်နဲ့ မြစ်ကြီးနားကားလမ်းကို ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ပြန်လည်ပြီးတော့ ဒါ ဖွင့်ခဲ့ပြီး ဖြစ်ပါတယ်။ အခုအချိန်ဆိုလို့ရှိရင် ဗန်းမော်နဲ့ မြစ်ကြီးနားကို နေ့စဉ်ကားတွေ အသွားအလာ ရှိနေပါတယ်။ ဆိုလိုတာက လုံခြုံရေးက အတန်အသင့်ကောင်းနေပြီလို့ ဒါကို ကျွန်တော်က တင်ပြလိုတာ ဖြစ်ပါတယ်။ ဒီလမ်းပြုပြင်ဖို့အတွက်ကလည်း ဒေသခံများကနေပြီးတော့ ဒါ တင်ပြတောင်းဆိုတဲ့ ဆန္ဒအလျောက် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကလည်း ဒါကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်၊ လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ဒီဟာကို အနှောင့်အယှက်

ပေးလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မယုံကြည်ပါဘူး။ ဒါကြောင့်မို့ ဆိုလိုတာက ဒီလမ်းကို လုံခြုံရေး အခြေအနေအရ ဆိုတဲ့ဟာ အခုအချိန်မှာ ဒါဟာ အဓိကအချက် မဟုတ်တော့ဘဲနဲ့ ဒါပြင်လို့ ပြုပြင်လို့ ရနေပြီ ဆိုတဲ့ဟာလေးကို ဒါ ကျွန်တော်က တင်ပြလိုတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကုမ္ပဏီတွေ၊ ကုမ္ပဏီတွေက တကယ်ဆန္ဒရှိတဲ့ ကုမ္ပဏီတွေ ရှိတယ်။ သို့သော်လည်းပဲ အရင်းအနှီးက မခိုင်မာ မတောင့်တင်းတဲ့ အတွက်ကြောင့် မို့လို့ မလုပ်နိုင်သေးတာလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံမှာ ရှိတဲ့ အရင်းအနှီးခိုင်မာတောင့်တင်းတဲ့ ကုမ္ပဏီတွေ၊ နော် ဆန္ဒရှိတဲ့ ကုမ္ပဏီတွေ လုပ်လာနိုင်အောင် ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ သတင်းစာထဲကနေပြီးတော့ ဒါ တင်ဒါ ခေါ်မယ်၊ ကြေညာမယ်ဆိုလို့ရှိရင် ဒါဖြစ်လာနိုင်စရာ အကြောင်းရှိတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အခုလည်း ပွင့်လင်းရာသီ ရောက်ခါနီးပြီ ဖြစ်ပါတယ်။ အဲဒီတော့ တကယ်လုပ်မယ် ဆိုလို့ရှိရင် အခုကတည်းက ကြိုတင်ဆောင်ရွက်ရတော့မယ့် အနေအထားဖြစ်ပါတယ်။ သို့သော် လည်းပဲ တစ်စုံတစ်ရာ ဆောင်ရွက်တာကို မတွေ့ရသေးပါဘူး။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ၂၀၁၃ ခုနှစ်၊ (၈)လပိုင်းမှာ ကျွန်တော်တို့ ဒုတိယသမ္မတ ဦးစိုင်းမောက်ခမ်း ကချင်ပြည်နယ် ရောက်ပါတယ်။ အဲဒီ ကချင်ပြည်နယ် ခရီးစဉ်မှာပဲ ဒေသခံပြည်သူတွေ ကနေပြီးတော့ ဒီလမ်းကို အဆင့်မြင့် ပြင်ဆင်ပေးဖို့အတွက် တင်ပြတဲ့အတွက်ကြောင့်မို့လို့၊ အဲဒီတော့ ဒုတိယသမ္မတ ဦးစိုင်းမောက်ခမ်း ကနေပြီးတော့ အဲဒီလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သတ္တုတွင်းဝန်ကြီးဌာန ကနေပြီးတော့ တစ်ဝက်စီ တာဝန်ယူရမယ်ဆိုပြီးတော့ ဒီလို ညွှန်ကြားလာတယ် ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ အဲဒီတော့ ဆက်ပြီးတော့ သိရတာက အဲဒီ ဝန်ကြီးဌာန(၂)ခု ကလည်း ဝန်ကြီးဌာနတစ်ခုစီက ဒီလမ်းတစ်ဝက်ကို ပြုပြင်ဖို့အတွက် သိန်း(၃၀၀၀)ပဲ တာဝန်ယူ ဆောင်ရွက်နိုင်မယ်၊ စုစုပေါင်းကတော့ ဝန်ကြီးဌာန(၂)ခုဆိုတော့ သိန်း(၆၀၀၀) ဖြစ်ပါတယ်။ ဒီသိန်း(၆၀၀၀)နဲ့လည်း ကျွန်တော်တို့ ဒီလမ်းအရှည် (၆၂)မိုင်(၄)ဖာလုံကို ဆောင်ရွက်နိုင်တဲ့ လုံလောက်တဲ့ အရေအတွက် ပမာဏမရှိဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဖားကန့်ဒေသဟာ ကျွန်တော်တို့ရဲ့၊ နိုင်ငံရဲ့ ဒါ ဘဏ္ဍာရန်ပုံငွေ အမြောက်အမြားကို နှစ်စဉ်နှစ်စဉ် ဒါ ထုတ်လုပ်နေတဲ့ ဒေသဖြစ်ပေမယ့်လည်း ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး ကတော့ တော်တော်ကို ခက်ခဲနေတဲ့ အနေအထားရှိပါတယ်။

ဒါကြောင့်မို့ ဒီဟာကို အဆင့်မြင့် ပြုပြင်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သမ္မတကြီး ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ပြီးဖြစ်သလို၊ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ရင်ကြားစေ့ရေးကိုလည်း အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီးဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တဲ့ မေးခွန်းကတော့ မိုးကောင်း-ဖားကန့် လမ်းမှ ပါဟုတ်-ဖားကန့်လမ်းအပိုင်းကို ဆောက်လုပ်ရေးကုမ္ပဏီအများအပြားက B.O.T စနစ်ဖြင့် တင်ဒါယှဉ်ပြိုင်၍ တာဝန်ယူဆောင်ရွက်နိုင်ရန် သတင်းစာမှ ကြေညာရွေးချယ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ခ)က B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်မည့် ကုမ္ပဏီမရှိပါကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ နောက် (ဂ)က

ဒုတိယသမ္မတ ဦးစိုင်းမောက်ခမ်း ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်နည်းလမ်း၊ မည်သည့် ငွေပမာဏနဲ့ မည်သည့်အချိန်တွင် စတင်၍ မည်သည့်အချိန်တွင် အပြီးဆောင်ရွက်ပေးနိုင်မည်။ နောက် (ဃ) အကယ်၍ မည်သည့်နည်းများနှင့်ပင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကလည်း မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစံပြည့် မှ မေးမြန်းထားတဲ့ ကချင်ပြည်နယ်ရှိ မိုးကောင်း-ဖားကန့်ကားလမ်းအား အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အဓိကအားဖြင့် အချက်(၄)ချက် ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ဒီ အချက်(၄)ချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် တစ်ချက်ချင်းအလိုက် ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ (က) အနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ယခင်က B.O.T ပေးခဲ့တဲ့ ခိုင်မာသော ပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီနဲ့ တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ဖွဲ့ဟာ စက်ယာဉ်ယန္တရား လုံလောက်မှုမရှိခြင်း၊ လမ်းခင်းပစ္စည်းများ ရရှိမှုခက်ခဲခြင်း စတဲ့ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်စွမ်း မရှိတော့ဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းများကို ၇-၄-၂၀၁၁ ခုနှစ်မှာ ပြန်လည်အပ်နှံခဲ့တာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့လည်းပဲ B.O.T စနစ်နဲ့ စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက် ခွင့်ပြုသွားမှာ ဖြစ်ကြောင်း ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဖြေကြားခဲ့တဲ့အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ ပြည်နယ်အစိုးရရဲ့ ထောက်ခံချက်နဲ့ ပထမရွှေနဂါးဆောက်လုပ်ရေး ကုမ္ပဏီကို ၂၇-၁-၂၀၁၂ ရက်နေ့မှ စပြီးတော့ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းမှ ပါဟုတ်-ကာမိုင်း-လုံးခင်း-ဖားကန့် လမ်းအပိုင်းကို B.O.T စနစ်နဲ့ ပြန်လည်ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆောက်လုပ်ရေးကုမ္ပဏီများကို B.O.T စနစ်နဲ့ တာဝန်ပေးအပ်ရာမှာ ၂၀၁၁-၁၂

ဘဏ္ဍာနှစ်တုန်းကတော့ တင်ဒါစနစ် ကျင့်သုံးခြင်း မရှိသေးတဲ့အတွက် B.O.T လုပ်ကိုင်လိုတဲ့ အဖွဲ့များကို သတ်မှတ်ချက်(၂၄)ချက်နဲ့ ကိုက်ညီပါက လုပ်ငန်းဆောင်ရွက်ခွင့် ပြုခဲ့ခြင်းဖြစ်ပါတယ်။ မိုးကောင်း-ပါဟုတ်-ကာမိုင်း-လုံးခင်းလမ်း (၆၂)မိုင်မှာ မိုးကောင်းမှ ပါဟုတ်အထိ (၈)မိုင်အပိုင်းဟာ ရွှေဘို-မြစ်ကြီးနားလမ်း နန်းစီအောင်-နမ္မတီး အပိုင်းမှာ ပါဝင်နေတဲ့ အတွက် အဲဒီအပိုင်း(၈၉)မိုင်ကို တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေးကုမ္ပဏီအား B.O.T စနစ်နဲ့ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မိုးကောင်း(၈)မိုင်လမ်းဆုံမှ လုံးခင်းအထိ (၅၄)မိုင်ကို ခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီသို့ တာဝန်ပေးအပ်ခဲ့သည့်အတွက် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းကို တစ်ဝက်စီ မပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့မှ နယ်မြေအေးချမ်းလာပြီ ဖြစ်တဲ့အတွက် ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီကို လမ်းတံတားလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။ ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီမှလည်း ၁၀-၅-၂၀၁၃ ရက်နေ့မှစတင်ပြီးတော့ လမ်းပိုင်း တိုးတက်ပြုပြင်ရေးကို ပြန်လည်ဆောင်ရွက်မှာဖြစ်ကြောင်း ကတိဝန်ခံချက်အရ အဲဒီ ၁၀-၅-၂၀၁၃ နေ့မှာပဲ လမ်းတံတားလုပ်ငန်းများကို စတင်ပြုပြင်လျက်ရှိပါတယ်။ လမ်းကြောင်းချောမွေ့စွာ သွားလာနိုင်ရေးအတွက် လုပ်ငန်းများဦးဆောင်ပြီး ဆောင်ရွက်ခဲ့တဲ့နေရာမှာ မိုင်(၃၀/၀)နဲ့ (၄၃/၆) ကြားမှာ သဲကျောက်ခင်းခြင်း (၃)မိုင် (၅)ဖာလုံ၊ ရေစီးရေလာကောင်းမွန်ရန် လမ်းဘေးရေမြောင်း တူးဖော်ခြင်း (၈)မိုင်၊ ဘေလီတံတား(၅)စင်း၊ သစ်သားတံတား(၅)စင်း၊ ကွန်ကရစ်တံတား(၁)စင်း၊ စုစုပေါင်း တံတား(၁၁)စင်းကို အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့အတွက် ယခင်က (၃)ရက်၊ (၄)ရက်ကြာ သွားလာနေရတဲ့ မိုးကောင်းက ဖားကန့်ခရီးကို ယခုအခါ လေးနာရီခွဲလောက်နဲ့ ရောက်ရှိနိုင်ပြီဖြစ်ပါတယ်ခင်ဗျာ။ ပထမရွှေနဂါးဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းများ တစ်ပြိုင်နက်ဆောက်လုပ်ရန် အားနည်းချက်ရှိတဲ့အတွက် မိုးကောင်း - ပါဟုတ် - ကာမိုင်းလမ်း (၁၇)မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ထိန်းသိမ်းပေးရန် ကချင်ပြည်နယ်အစိုးရ မှ ညှိနှိုင်းတင်ပြလာတဲ့အတွက် ၁၉-၉-၂၀၁၃ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းများ ပြန်လည်လွှဲပြောင်းလက်ခံပြီး တာဝန်ယူဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်ခင်ဗျာ။

အချက်(၃)အနေနဲ့ကတော့ မိုးကောင်း-ပါဟုတ်-ကာမိုင်းလမ်း (၁၇)မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း(၁၀၀၀) တင်ပြတောင်းခံထားပြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်သန်း(၂၀၀)နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၃၀-၉-၂၀၁၃ ရက်နေ့မှစတင်ပြီးတော့ အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျာ။ အချက်(၄)အနေနဲ့ကတော့ အကယ်၍ မည်သည့်နည်းနဲ့မျှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကမည်သည့်အကြောင်းကြောင့်ဖြစ်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ကျွန်တော်ရှေ့မှာတင်ပြခဲ့တဲ့ အချက်(၁)၊ (၂)၊ (၃)အရ ကျွန်တော်တို့ရော၊ B.O.T အဖွဲ့ရောဟာ ဒီလမ်းကြီးကို မဖြစ်မနေပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်မှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မိုးကောင်း-ဖားကန့်လမ်းဟာ ပထမရွှေနဂါး ကုမ္ပဏီမှ ကာမိုင်းမှ ဖားကန့်အထိလည်းကောင်း၊ မိုးကောင်း-ပါဟုတ်-ကာမိုင်းလမ်း (၁၇)မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလည်းကောင်း ပြန်လည်ထိန်းသိမ်း ဆောင်ရွက်သွားမှာ ဖြစ်ပြီး တော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ရရှိတဲ့ ရန်ပုံငွေအပေါ်မှာ မူတည်ပြီး လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

**နမ့်ခမ်းမြို့နယ်၊ ဆာလုကျေးလက်ကျန်းမာရေးဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် က နမ့်ခမ်းမြို့နယ်၊ ဆာလုကျေးလက်ကျန်းမာရေးဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျာ။ အားလုံးကို မင်္ဂလာ ပါလို့ ပဏာမနှုတ်ခွန်းဆက်သပြီးတော့ အားလုံးပဲ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခအပေါင်းနှင့် ထာဝစဉ် ပြည့်စုံခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ အခုကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နန့်ခမ်းမြို့နယ်မှာရှိတဲ့ ဆာလုကျေးလက် ကျန်းမာရေးဆေးပေးခန်းအဆင့်ကနေပြီးတော့ တိုက်နယ်ဆေးရုံအဆင့်အထိ တိုးမြှင့်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆာလုကျေးလက် ကျန်းမာရေးဆေးပေးခန်းလို့ အမည်ရတဲ့ ဆေးပေးခန်းလေးဟာ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာအုပ်စုမှာ တည်ရှိပါတယ်။ အဲဒီဆေးပေးခန်းဟာ ယခင်က ဆာလုတိုက်နယ် ဆေးရုံအဖြစ် အမည်ခံလျာထားသော်လည်းပဲ အခု ဆာလုကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆင့်နဲ့ပင် တည်ရှိနေပြီးတော့ နမ့်ခမ်းမြို့နဲ့(၁၀)မိုင်သာသာ ဝေးကွာပါတယ်။ သို့သော်လည်းပဲ (က) ဆာလုကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့ အရောက်သွားရန် လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ (ခ) လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းကြောင့် တောင်ပေါ်ပတ်ဝန်းကျင် ကျေးရွာ အုပ်စုများမှ အရေးပေါ်လူနာတို့အတွက် များစွာအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း၊ (ဂ) ဆာလု ကျေးရွာ ကျန်းမာရေးဆေးပေးခန်းကို အမှီပြုပြီး ဆေးကုသမှုခံယူနေသော မန်အောင်၊ ဖာလင်၊ ဆာလု၊ မန်လုံ၊ လွယ်လွမ်၊ နမ့်ဆရီးစတဲ့ ကျေးရွာအုပ်စုပေါင်း(၇)အုပ်စုထဲက ကျေးရွာပေါင်း(၂၃)ရွာ

တို့က ပြည်သူဦးရေ စုစုပေါင်း(၁၂၀၀၀)ဦးတို့အတွက် ဆေးပေးခန်းနဲ့ လူဦးရေ လုံးဝမမျှတခြင်းကြောင့် ဆာလုကျေးလက်ကျန်းမာရေးဆေးပေးခန်းကို ဆာလုတိုက်နယ်ဆေးရုံအဆင့်သို့ မြှင့်တင်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀-၆-၂၀၁၃ရက်နေ့ ဆာလုကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း ကနေပြီးတော့ ပြုလုပ်ကျင်းပတဲ့ အစည်းအဝေးမှတ်တမ်းများအရ (က) ယခုလက်ရှိ ကျန်းမာရေး ဆေးပေးခန်း နေရာအကျယ်အဝန်းဟာ (၃)ဧကသာ ရှိနေပြီးတော့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့် ပေးလာလို့ရှိရင် လူနာနဲ့ ဝန်ထမ်းများ များလာတဲ့အတွက်ကြောင့် တိုက်နယ်ဆေးရုံမြေနေရာ အကျယ်အဝန်းအတွက် မြေဧက(၅)ဧက လျာထားခြင်းရှိပါတယ်။ (ခ) ဆောက်လုပ်မယ့် တိုက်နယ် ဆေးရုံပုံကြမ်းပုံစံအရ လူနာဆောင်ကို အလျား(၇၂)ပေ၊ အနံ(၁၈)ပေ၊ အမြင့်(၁၂)ပေနှင့် ဝရံတာ ပါဝင်တဲ့ အဆောက်အအုံကြီးအဖြစ် တည်ဆောက်သွားဖို့ လျာထားခြင်းဖြစ်ပါတယ်။ (ဂ) ဝန်ထမ်း အိမ်ရာများကိုလည်း အလျား(၃၄)ပေ၊ အနံ(၁၈)ပေ၊ အမြင့်(၁၄)ပေစီရှိတဲ့ ဝန်ထမ်းအိမ်ရာ(၄)ဆောင် ဆောက်လုပ်ရန် လျာထားခြင်းလည်း ရှိပါတယ်။ (ဃ) ထို့အပြင် လူနာဆောင်အတွက် သီးသန့် ရေလောင်းအိမ်သာများနဲ့ ဝန်ထမ်းအိမ်ရာများအတွက် အလျား(၆)ပေ၊ အနံ(၆)ပေ၊ အမြင့်(၈)ပေ၊ အနက်(၁၂)ပေစီ ဆားဗစ်ကျင်း အပါအဝင် သီးသန့်ရေလောင်းအိမ်သာ(၃)လုံး တို့ကိုလည်းပဲ ဆောက်လုပ်ရန် လျာထားခြင်းရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ကနေပြီးတော့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ဆောက်လုပ်တော့မည်ဆိုလို့ရှိရင် ကျေးရွာပြည်သူ အပေါင်းတို့ကလည်းပဲ ငွေအင်အား၊ လူအင်အားတို့ဖြင့် နိုင်ငံတော်အစိုးရအား ဝိုင်းဝန်းကူညီ ပေးမယ့် အနေအထားမှာ အသင့်ရှိနေတဲ့အကြောင်း ပြောကြားလိုပါတယ်။

(င) ထို့ကြောင့် နမ့်ခမ်းမြို့နယ်ရှိ ဆာလုကျေးလက်ကျန်းမာရေး ဆေးပေးခန်းအဆင့် ကနေပြီးတော့ တိုက်နယ်ဆေးရုံအဆင့်အထိ တိုးမြှင့်ပေးနိုင်မည့်အစီအစဉ်ရှိ/မရှိ၊ အကယ်၍ ရှိလျှင် မည်သည့် အချိန်တွင် စတင်ဆောင်ရွက်မည်ကို သိလိုပါသဖြင့် ကျေးရွာ(၂၃)ရွာရှိ ပြည်သူတို့၏ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများ၊ ဧည့်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ၏ မေးခွန်းနဲ့ပတ်သက်၍ ကျန်းမာရေး

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၃)ရုံ ပြင်လုံ၊ ပန်ဆေး၊ မန်တပ် တို့တွင် လည်းကောင်း စုစုပေါင်း ဆေးရုံ(၄)ရုံ ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ဆာလုကျေးရွာတွင် လက်ရှိ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီး ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာပေါင်း (၁၈)ရွာ၊ လူဦးရေတစ်သောင်းကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြထားသည့်အတိုင်း ကျွန်မတို့၏ မြေပြင်လေ့လာချက်အရ နမ့်ခမ်းမြို့နယ်တွင် စုစုပေါင်းဆေးရုံ(၄)ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်သော်လည်း ဆာလုကျေးလက် ကျန်းမာရေးဌာနသည် နမ့်ခမ်းမြို့မှ (၁၄)မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်မှာလည်း မှန်ကန်ပါတဲ့အတွက်ကြောင့် ဆာလုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## မတူပီမြို့နယ်၊ ရမ်းစီးရွာမှ တိန်ဆီးရွာအထိ မော်တော်ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်၊ ရမ်းစီးရွာမှ ထိန်ဆီးရွာအထိ မော်တော်ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ရှိ ဂန့်ဂေါမှ မတူပီမြို့နယ်သို့သွားသောလမ်း အကြောင်းကို ကျွန်တော်မေးမြန်းမှာ ဖြစ်ပါတယ်။ ဂန့်ဂေါမြို့မှ (၂၆)မိုင်အကွာရှိ ရမ်းစီးကျေးရွာ လမ်းခွဲမှ မတူပီ၊ ရေဇွာမြို့နယ်ခွဲနှင့် မင်းတပ်မြို့နယ်တချို့ကျေးရွာများ အကျိုးပြုသောလမ်း ဖြစ်ပါတယ်။ ရမ်းစီးရွာ၊ ဒါကျုံးရွာ၊ ခွာသွေးရွာ၊ စံစက်ရွာ၊ ထယ်ဆီးရွာ၊ ရယ်ဆောရွာနှင့်တိန်ဆီးရွာအထိ (၆၅) မိုင်ခန့်ကွာဝေးပါတယ်။ တိန်ဆီးရွာသည် မတူပီ-ဟားခါးသွားသော လမ်းမပေါ်တွင် တည်ရှိပြီး မတူပီမြို့မှ (၃၃)မိုင်အကွာတွင် တည်ရှိ၍ ရေဇွာမြို့မှ (၃၃)မိုင်အကွာတွင် တည်ရှိလျက်ရှိသော ရွာ

ဖြစ်ပါတယ်။ ရမ်းစီးမှ ရယ်ဆောရွာသို့(၄၅)မိုင်ဆိုင်ကယ်လမ်း ဖောက်လုပ် ပြီးသောလမ်း ဖြစ်ပါတယ်။ အကယ်၍ ဤလမ်းပေါက်ရောက်ပါက မင်းတပ်မြို့နယ်မှ(၅)ရွာ၊ လုံတူး၊ ကျဉ်နန်း၊ ကန်းနန်း၊ ဇွဲရှိုးနဲ့ မတူပီ မြို့နယ်မှ ကျေးရွာပေါင်း(၁၀)ရွာခန့် အကျိုးပြုမည့်လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကိစ္စကို ပထမအကြိမ်တုန်းက ပတ်ဝန်းကျင်နဲ့ သစ်တောရေးရာဝန်ကြီးဌာနကို ကျွန်တော်အကူအညီတောင်းခံခဲ့ပါတယ်။ ဘာကြောင့်လဲဆို နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်အခက်အခဲ ရှိမည်ထင်သောကြောင့် ယခင်ကလည်း သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့ (၁၀)မိုင်ခန့်ကို ဖောက်လုပ်ပေးသော လမ်းဖြစ်ပါတယ်။ ကားလမ်းသွားနိုင်သော လမ်းဖြစ်ပါတယ်။ ဒါကြောင့် သစ်တောရေးရာဝန်ကြီးဌာနကို အကူအညီတောင်းခံရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁/၂၂၀-ဃ(၁/၃၉၅/၂၀၁၂)ဖြင့် အောက်ပါအတိုင်း အကြောင်းပြန်ကြားစာ ရရှိပြီးဖြစ်ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ရမ်းစီး၊ စံစက်၊ တိန်ဆီး မူလ လျာထားချက်တွင် ပါဝင်သည့် ရမ်းစီး-ဒါကျိုး-ခွာသွေး (၂၂)မိုင် ဖောက်လုပ်ရန် စီစဉ်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်လို့ ဝန်ကြီးလက်မှတ်ထိုးပြီး အကြောင်းပြန်ကြားပြီး ဖြစ်ပါတယ်။ သို့သော် ဒီလမ်းကို ယနေ့တိုင် အကောင်အထည်ဖော်ဆောင်ခြင်း မရှိပါသဖြင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဤလမ်းအား ယခုနှစ်အတွင်း ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။ အကယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဘတ်ဂျက်နဲ့ လျာထားခြင်း မရှိပါက ကမ္ဘာ့ဘဏ် သို့မဟုတ် JICA အစီအစဉ်တွင် ထည့်သွင်းစဉ်းစားပေးနိုင်ပါရန် မေးမြန်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဖိုခေါ်ယိုး(ခေါ်)မချုံရွာသစ်နှင့် ဆာဒူးကျေးရွာအကြား မုန်းချောင်းကြိုးတံတား သွယ်တန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ဖိုခေါ်ယိုး(ခေါ်)မချုံရွာသစ်နှင့် ဆာဒူးကျေးရွာအကြား မုန်းချောင်းကြိုးတံတား သွယ်တန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဖိုခေါ်ယိုး (ခေါ်) မချုံရွာသစ်နဲ့ ဆာဒူးကျေးရွာအကြား မုန်းချောင်းတံတား သွယ်တန်းဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့နဲ့ မတူပီမြို့ကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုကတ္တရာလမ်းမကြီးပေါ်ရှိ မင်းတပ်မြို့မှ (၁၆)မိုင်လမ်းခွဲမှ လိုမ့်ဆန်ရွာသို့ (၁၅)မိုင် ယင်းရွာမှ လှက်လောင်းချောင်း ကြိုးတံတားဖြတ်၍ ဖိုခေါ်ယိုး (ခေါ်) မချုံရွာသစ်သို့ (၆)မိုင်၊ ယင်းမချုံရွာသစ်မှ မုန်းချောင်းသို့ (၃)မိုင်နှင့် မုန်းချောင်းမှ ဆာဒူးရွာသို့(၃)မိုင်၊ ယင်းဆာဒူးရွာမှ အောက်ချိုင်ရွာကြီးသို့ (၁၈)မိုင် ရှိပါတယ်။ မင်းတပ်-မတူပီ ကားလမ်းမကြီးမှ အောက်ချိုင်ကျေးရွာသို့ စုစုပေါင်းအရှည်မိုင်(၄၂)မိုင်တိတိ ကျေးရွာအုပ်စု(၇)အုပ်စုနဲ့ ကျေးရွာပေါင်း (၁၂)ရွာမှ ၂၀၀၁ ခုနှစ်က စတင်ပြီးတော့မှ ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဖောက်လုပ်ခဲ့ကြရာ ၂၀၁၁ ခုနှစ်၊ မေလမှာ အောက်ချိုင်ကျေးရွာသို့ ကားလမ်းအရောက် ဖောက်လုပ်နိုင်ခဲ့၍ လမ်းဖွင့်ပွဲကို ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒေသခံပြည်သူများမှ (၁၀)နှစ်တိုင်တိုင် ကြိုးစားဖောက်လုပ်ခဲ့တဲ့ ကားလမ်း ဖြစ်ပါတယ်။ အောက်ချိုင်ကျေးရွာမှာ အထက်တန်းကျောင်း(ခွဲ) ရှိပါတယ်။ ကျန်းမာရေးဌာန(ခွဲ) ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကားလမ်းပေါ်ရှိ မချုံရွာသစ်နှင့် ဆာဒူးရွာအကြား မုန်းချောင်းဟာ ကြိုးတံတား မရှိသေးတဲ့အတွက် မိုးတွင်းမှာ ပြည်သူများ သွားလာရန် အင်မတန်အခက်အခဲရှိပါတယ်။။ ကြိုးတံတား မရှိတဲ့အတွက်ကြောင့် မိုးတွင်းမှာ ဆိုင်ကယ်များလည်း သွားလာ၍မရ ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဝန်ကြီးချုပ်နဲ့အတူ ၂၀၁၃၊ ဧပြီလလယ်ပိုင်းက (၉)ရက်ခရီးစဉ်အဖြစ်နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ လွှတ်တော်အတွေ့အကြုံရှင်းလင်းရန် ကွင်းဆင်းပြီး ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားတဲ့ ကားလမ်းရှိ ယင်းမုန်းချောင်းကြိုးတံတား သွယ်တန်း ဆောက်လုပ်ပေးရန် ပြည်သူများမှ တင်ပြခဲ့ကြတဲ့အတွက် ယခုလို လွှတ်တော်မှာ မေးခွန်းအဖြစ်နဲ့ တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ မုန်းချောင်းတံတားဟာ အရှည်ပေ(၃၀၀)သာသာ ရှိပြီး မင်းတပ်မြို့နယ်မှာ အကျယ်ဆုံးနဲ့ အရှည်ဆုံးတံတား ဖြစ်လာမှာ ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ခုနှစ် ပေ(၁၈၀)နဲ့အောက် ကြိုးတံတား ကျွန်တော်တို့မင်းတပ်မြို့နယ်မှာ (၇)စင်း ဆောက်လုပ်ဖို့ ပြည်နယ်အစိုးရမှ မတည်ငွေချပေးတဲ့အတွက် ဒေသခံပြည်သူများမှ ဝိုင်းဝန်းဆောက်လုပ် သွယ်တန်းကြမှာ ဖြစ်ပါတယ်။ ယခုမုန်းချောင်းတံတားဟာ ကမ်းအကျယ်ပေ(၃၀၀)သာသာ ရှိတဲ့အတွက်ကြောင့် အကုန်အကျ များမှာဖြစ်လို့ ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ မတတ်နိုင်တဲ့အတွက် အခုလို ပြည်ထောင်စုအစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာနကို အကူအညီ တောင်းခံတင်ပြရခြင်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများ မိုးတွင်းသွားလာ၍ မရခြင်း၊ ဒေသခံပြည်သူများနဲ့ ပြည်သူများမှ မူ/လွန်ကျောင်းသားများ၊ အလယ်တန်းကျောင်းသားများ၊ အထက်တန်းကျောင်းသားများ မိုးတွင်းမှာ တံတားမရှိတဲ့အတွက်ကြောင့်မို့ ယာယီကြိမ်ကြိုးတံတားများ သွယ်တန်းပြီးတော့မှ အန္တရာယ်ကြီးမားစွာနဲ့ သွားလာပညာသင်ကြားနေကြရပါတယ်။ ယင်းတံတားကို နိုင်ငံတော်မှ သွယ်တန်းပေးမယ်ဆိုရင် မင်းတပ်မြို့နယ်မှာ ပေ(၁၈၀)နဲ့အထက် တံတားကြီးများ သွယ်တန်းရန် မရှိတော့သလောက် ပြီးပြည့်စုံလာမှာ ဖြစ်ပါတယ်။ ယခု တံတားသွယ်တန်းဖို့ ကျွန်တော် တင်ပြတဲ့နေရာကနေပြီးတော့မှ အောက်ဘက် (၁၅)မိုင်အကွာမှာရှိတဲ့ မုန်းချောင်းအောက်ပိုင်း ရှစ် နဲ့ ဒွိလီဗျူဟာလမ်း နိုင်ငံတော်မှ သံမဏိဘေလီ တံတား သွယ်တန်းပေးမယ်ဆိုတာ သိရတဲ့အတွက်ကြောင့်လည်း ဒေသခံပြည်သူများ ဝမ်းသာပီတိ ဖြစ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မချိုရွာသစ်နဲ့ ဆာဒူးရွာကြား ကားလမ်းပေါ်မှာရှိတဲ့ မုန်းချောင်းဟာ နွေမှာ ကားငယ်များ ဖြတ်သန်းသွားလာလို့ရပေမယ့် ဆိုင်ကယ်များ ဖြတ်ကူးလို့ မရပါဘူး။ ဝါးကြမ်းများယက်ပြီးတော့မှ ယာယီတံတားများထိုးပြီး ဆိုင်ကယ်များ သွားလာနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ယင်းကြိုးတံတားကို သွယ်တန်း ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဒေသခံကျေးလက်နေ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သံတောင်ကြီးမြို့နယ်အတွင်းရှိ ဗဟုံး -ကျေးကတော့ မောင်ဘလောက်လမ်း၊ လိပ်သို-ရှမ်းလယ်ပြင်လမ်း၊ သံတောင်ကြီး - လိပ်သိုလမ်းတို့အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရန်နှင့် မောင်နွဲကြီးကျေးရွာမှ သောက်ရေခပ်ချောင်း အရှေ့ခြမ်း ကျေးရွာများသို့သွားသည့် လမ်းတို့အား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က သံတောင်ကြီးမြို့နယ်အတွင်းရှိ ဗဟုံး-ကျေးကတော့ မောင်ဘလောက်လမ်း၊ လိပ်သို-ရှမ်းလယ်ပြင်လမ်း၊ သံတောင်ကြီး - လိပ်သိုလမ်းတို့အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရန်နှင့် မောင်နွဲကြီးကျေးရွာမှ သောက်ရေခပ်ချောင်း အရှေ့ခြမ်း ကျေးရွာများသို့သွားသည့် လမ်းတို့အား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ရှိ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သံတောင်ကြီးမြို့နယ်ဟာ လွန်ခဲ့တဲ့နှစ်(၆၀)ခန့်က လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျွန်တော်တို့ရဲ့ မြို့နယ်က မငြိမ်းချမ်းခဲ့ပါဘူး။ ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ နောက်ကျကျန်ရစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေဟာ အထူးပဲဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ ဒါပေမဲ့ နှစ်(၆၀)ရဲ့ ဒဏ်တွေကြောင့် ကျွန်တော်တို့ အခုထိ ပခုံးထမ်း ဆန်ဝယ်ယူ သယ်ဆောင်ရဆဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြည်သူတွေ အင်မတန် လိုလားတောင့်တနေတဲ့ ပထမဦးဆုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့အတွက် ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ယခင် တပ်မတော်အစိုးရ လက်ထက် ၁၉၉၇ ခုနှစ်က နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကြေးနဲ့ ကူညီပြီးတော့ ပြည်သူများရဲ့ လုပ်အားဖြင့် မြေလမ်းဖောက်ထားတဲ့ လမ်းနှစ်လမ်း ရှိပါတယ်။ အဲဒီလမ်းနှစ်လမ်းလည်း ပျက်စီးကုန်ပါပြီ။ အဲဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတာကတော့ (က) ဗဟုံး-ကျေးကတော့-မောင်ဘလောက် လမ်း(၂၂)မိုင် မြေလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူပေးပြီး ကတ္တရာလမ်း သို့ တိုးမြှင့်ခင်းပေးမည့် အစီအစဉ် ရှိ/မရှိ၊ (ခ) လိပ်သို-ရှမ်းလယ်ပြင် (၁၈)မိုင်မြေလမ်းကို ကတ္တရာလမ်း သို့ အဆင့်မြှင့်ခင်းပေးမည့် အစီအစဉ် ရှိ/မရှိ၊ (ဂ) လက်ရှိ ဖောက်လုပ်သော သံတောင်ကြီး-လိပ်သို

(၁၈)မိုင်မြေလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူပေးပြီး ကတ္တရာလမ်းသို့ ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ၊ (ဃ) သံတောင်ကြီးမြို့မှတစ်ဆင့် မောင်နွဲကြီးကျေးရွာမှ သောက်ရေခပ်ချောင်း အရှေ့ခြမ်းကျေးရွာများသို့ ကျောက်ချောလမ်းများ၊ ကားလမ်းဖောက်ပေးမယ့် အစီအစဉ် ရှိ/မရှိ ကို ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၃။**

**ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရမ်းစီးရွာမှ တိန်ဆီးရွာအထိ မော်တော်ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်အတွင်းရှိ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းနဲ့ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သန်းပေါင်း (၅၁၆၁.၀၇၅)ကျပ်သန်း လျာထားခွင့်ပြုပေးထားပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် လမ်းတံတားလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၃၉၃၉)ဖြစ်တဲ့အတွက် လမ်းတံတားလုပ်ငန်းကို အထူးဦးစားပေး ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအပြင် နယ်စပ်ရေးရာဝန်ကြီးဌာနဟာ အိန္ဒိယနိုင်ငံ အထောက်အပံ့နဲ့ ချင်းပြည်နယ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို (၅)နှစ်စီမံကိန်းရေးဆွဲပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများကိုလည်း စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် မေးမြန်းခဲ့တဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရမ်းစီး-ဒါကျုံး-ခွာသွေး-စံစက်-ထယ်ဆီး-ရယ်ဆော-တိန်ဆီး လမ်းအရှည် (၆၅)မိုင်ကို ကားလမ်းဖောက်လုပ်ပေးရန်ကိစ္စနှင့် စပ်လျဉ်းပြီးတော့မှ ဒီလုပ်ငန်းဟာ ချင်းပြည်နယ်ဒေသဆိုင်ရာ

လုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ယခင် တင်ပြတဲ့စီမံချက်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ပဥ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းမှာလည်း အဆိုပြုလျာထားခြင်း မရှိခဲ့တဲ့လုပ်ငန်းဖြစ်တာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ မတူပီမြို့နယ်၊ ရမ်းစီး-ဒါကျုံး-ခွာသွေး-စံစက်-ထယ်ဆီး-ရယ်ဆော-တိန်ဆီး လမ်းအရှည်(၆၅)မိုင်ကို မြေလမ်း ဖောက်လုပ်ပေးနိုင်ဖို့ဆိုရင် ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီရဲ့ အစီအစဉ်နဲ့ ကွင်းဆင်းလေ့လာစိစစ်ပြီး ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြန်လည်တင်ပြချက်အပေါ် အခြေခံပြီးတော့မှ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ လိုအပ်ပါက ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနဲ့ ယခု ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာတော့ လျာထားခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ၏ ဖိုခေါ်ယိုး(ခေါ်)မချုံရွာသစ်နှင့် ဆာဒူးကျေးရွာအကြား မုန်းချောင်း ကြိုးတံတား သွယ်တန်းဆောက်လုပ်ပေးရန် မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသ အားလုံးရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့ ကျွန်တော် ခုနက တင်ပြထားတဲ့အတိုင်းပဲ ငွေကျပ်သန်းပေါင်း(၅၁၆၁.၀၇၅)သန်း ခွင့်ပြုပေးထားပြီး ဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကြိုးတံတားများကို ဆောင်ရွက်ခဲ့တာကို ပြန်လည်တင်ပြရရင် ၁၉၉၄-၁၉၉၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်မှာ ပေ(၁၀၀)အောက် ကြိုးတံတား(၂)စင်း၊ ပေ(၂၀၀)အထက် ကြိုးတံတား(၂)စင်း၊ ပေ(၃၀၀)နဲ့အထက် ကြိုးတံတား(၂)စင်းနဲ့ ပေ(၄၀၀)နဲ့အထက် ကြိုးတံတား(၄)စင်း၊ စုစုပေါင်း ကြိုးတံတား(၁၀)စင်း တည်ဆောက်ပေးခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မင်းတပ်မြို့နယ် ဖိုခေါ်ယိုး(ခေါ်)မချုံရွာသစ်နှင့် ဆာဒူးကျေးရွာကြား မုန်းချောင်းကြိုးတံတား(၃၀၀)ပေအား ဆောက်လုပ်ပေးရန်ကိစ္စမှာ ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ချင်းပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြတဲ့ ပဥ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းမှာ ဆောင်ရွက်လိုတဲ့ လုပ်ငန်းများမှာ ပါဝင်ခြင်းမရှိတာကို စိစစ်တွေ့ရှိရပါတယ်။ ဒီအတွက် ဒီတံတားကိုလည်း အမှန်တကယ်လိုအပ်တယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီရဲ့ အစီအစဉ်နဲ့ ကွင်းဆင်းလေ့လာ စိစစ်ပြီးတော့မှ ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြန်လည်တင်ပြချက်အပေါ် အခြေခံပြီး ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှာ လိုအပ်ပါက ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ လျာထားခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ ရဲ့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဗဟုံး - ကျေးကတော့ - မောင်ဘလောက်လမ်း၊ လိပ်သို-ရှမ်းလယ်ပြင်လမ်း၊ သံတောင်ကြီး - လိပ်သိုလမ်း၊ သံတောင်ကြီး-

မောင်နွဲကြီးလမ်း၊ မောင်နွဲကြီး-မဲသဃ်ကြီးလမ်း၊ မဲသခါကြီး-သောက်ရေခပ်ချောင်း-ဖာဝယ်ဒိုးကားလမ်း တို့ကို ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဖောက်လုပ်ရေး မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ရေးဆွဲပြီးတော့မှ တိုင်းဒေသကြီး(၂)ခု၊ ပြည်နယ်(၇)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကရင်ပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သောက်သုံးရေ ရရှိရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းများအတွက် စုစုပေါင်းငွေကျပ် (၅၄၄၀.၁၈)ကျပ်သန်း ခွင့်ပြု ပေးခဲ့ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးရဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ ကရင်ပြည်နယ်အတွင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတားလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၄၅၁၅.၇၂၅) ဖြစ်တဲ့အတွက် လမ်းတံတားလုပ်ငန်းကို အထူးဦးစားပေး ဆောင်ရွက်ပေးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ ဒီ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဗဟုံး-ကျေးကတော့-မောင်ဘလောက်လမ်းဟာ (၂၂)မိုင်ရှိပြီးတော့မှ ၂၀၀၃-၂၀၀၄ မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (၆၁.၅၀)ကျပ်သန်းနဲ့ ကျောက်ချောလမ်း (၂၀)မိုင်(၄)ဖာလုံအား ဆောင်ရွက်ပေးခဲ့ပါတယ်။ လိပ်သို-ရှမ်းလယ်ပြင်လမ်းဟာ (၁၈)မိုင်ရှိပြီးတော့မှ ၂၀၀၆-၂၀၀၇ နှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်များမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (၂၅.၂၁)ကျပ်သန်းနဲ့ မြေသားလမ်း (၁၆)မိုင်ခင်းခြင်းနှင့် ကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သံတောင်ကြီး-လိပ်သိုလမ်းဟာ (၁၈)မိုင်ရှိပြီးတော့မှ ၂၀၀၃-၂၀၀၄ မှ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာနှစ် အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (၃၆.၇၅)ကျပ်သန်းနဲ့ မြေသားလမ်း(၆)မိုင်၊ ကျောက်ခင်းလမ်း (၁၀)မိုင်ခင်းခြင်းနဲ့ သစ်သားတံတား(၁)စင်း တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

သံတောင်ကြီး-မောင်နွဲကြီးလမ်းဟာ စုစုပေါင်းအရှည်(၉)မိုင်ရှိပြီး ရာသီမရွေး သွားလာ နိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မယ်ဆိုရင် မြေသားလမ်း ဖောက်လုပ်ခြင်း(၉)မိုင် အတွက် ငွေ(၁၁၈.၁၇၀)ကျပ်သန်း၊ သစ်သားတံတား(၄)စင်းနဲ့ ရေပြွန်(၅)စင်းအတွက် ငွေ(၈၆.၂၅၀) ကျပ်သန်း၊ ကျောက်ချောလမ်း(၉)မိုင်အတွက် ငွေ(၄၅၀)ကျပ်သန်း စုစုပေါင်း ကျပ်သန်းပေါင်း (၆၅၄.၄၂၀) ကုန်ကျမှာဖြစ်ပါတယ်။ ဒီလိုပဲ မောင်နွဲကြီး-မဲသဃ်ကြီးလမ်းဟာ စုစုပေါင်း လမ်းအရှည် (၄)မိုင် ရှိပြီးတော့မှ ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မယ်ဆိုရင် မြေသားလမ်းဖောက်လုပ်ခြင်း (၄)မိုင်အတွက် ငွေကျပ်(၅၂.၅၂၀)ကျပ်သန်း၊ ရေပြွန် (၃)စင်းအတွက် ငွေကျပ်(၃.၇၅၀)သန်း၊ ကျောက်ချောလမ်း(၄)မိုင်အတွက် ငွေကျပ်(၂၀၀)ကျပ်သန်း၊ စုစုပေါင်းငွေကျပ် (၂၅၆.၂၇၀)ကျပ်သန်းပေါင်း ကုန်ကျမည် ဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ မဲသခါကြီး - သောက်ရေခပ်ချောင်း - ဖာဝယ်ဒိုး ကားလမ်းကိုလည်း အဆင့်မြှင့်တင်မယ်ဆိုရင် မဲသဃ်ကြီးမှ သောက်ရေခပ်ချောင်းအထိ (၄)မိုင်(၄)ဖာလုံနှင့် သောက်ရေခပ်ချောင်းမှ ဖာဝယ်ဒိုးကားလမ်းအထိ (၃)မိုင်၊ စုစုပေါင်းလမ်းအရှည် (၇)မိုင် (၄)ဖာလုံရှိမှာဖြစ်ပြီးတော့မှ ရာသီမရွေး သွားလာနိုင်တဲ့

ကျောက်ချောလမ်းအဖြစ် မြှင့်တင်မည်ဆိုရင် မြေသားလမ်း (၇)မိုင် (၄)ဖာလုံအတွက် ငွေကျပ် (၉၈.၄၇၅)သန်း၊ သစ်သားတံတား (၆)စင်းအတွက် ငွေကျပ် (၄၂)သန်း၊ ကျောက်ချောလမ်း (၇)မိုင် (၄)ဖာလုံအတွက် ငွေကျပ်(၃၇၅)ကျပ်သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း(၅၁၅.၄၇၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီတော့ အဆိုပါ သံတောင်ကြီး၊ မောင်နွဲကျေးရွာမှတစ်ဆင့် သောက်ရေခပ်ချောင်း အရှေ့ဘက်ခြမ်းကျေးရွာများသို့ ကျောက်ချောကားလမ်း ဖောက်လုပ်ပေးရမယ်ဆိုရင် စုစုပေါင်း ငွေကျပ် (၁၄၂၆.၁၆၅)ကျပ်သန်းပေါင်း ကုန်ကျမှာ ဖြစ်ပါတယ်။

ဒီအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ဗဟုံး-ကျေးကတော့-မောင်ဘလောက်လမ်း၊ လိပ်သို-ရှမ်းလယ်ပြင်လမ်း၊ သံတောင်ကြီး - လိပ်သိုလမ်းကို ကတ္တရာလမ်းသို့ တိုးမြှင့်ခင်းပေးခြင်းနဲ့ သံတောင်ကြီး - မောင်နွဲကြီးကျေးရွာမှတစ်ဆင့် သောက်ရေခပ်ချောင်း အရှေ့ခြမ်း ကျေးရွာများသို့ ကျောက်ချောကားလမ်း ဖောက်လုပ်ပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ကရင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီမှ ကွင်းဆင်းလေ့လာ စိစစ်ပြီး လိုအပ်ပါက နယ်စပ် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် လျာထားပေးနိုင်ပါကြောင်းနှင့် ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

ယခု ကျွန်တော်တို့ မေးမြန်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် အကြံပြုဆွေးနွေး တင်ပြချင်တာကတော့ ယနေ့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက သွားနေတဲ့စနစ် ကတော့ ပြည်သူဗဟိုပြုစနစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီနေ့ ဆောင်ရွက်တဲ့ အခါမှာလည်း နိုင်ငံတော်အစိုးရရဲ့ မူဝါဒနဲ့လုပ်တဲ့ လုပ်ငန်းများ ရှိသလို ပြည်သူ့ဆန္ဒကို ဖော်ကျူး ပြီးတော့မှ လုပ်တဲ့လုပ်ငန်းများလည်း ရှိပါတယ်။ ပြည်သူ့ဆန္ဒနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ဆိုရင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များက အစိုးရများရဲ့ တင်ပြချက်ကိုပဲ ကျွန်တော် တို့က ဦးစားပေး(၁)(၂)(၃) အစီအမံများ ရေးဆွဲပြီးတော့မှ ဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲခြင်း ဖြစ်ပါတယ်။ အခုလာမယ့် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်ဆိုရင်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆိုရင် ဘတ်ဂျက်ရဲ့ တစ်ဝက်နီးပါးလောက် ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်များကိုပဲ တိုက်ရိုက် ပြည်ထောင်စုအစိုးရကို တင်ပြဆောင်ရွက်စေပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်း များမှာ ပါဝင် ဆောင်ရွက်ခြင်းမရှိဖို့ စီမံဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

နောက် ကျွန်တော့်အနေနဲ့ ကျွန်တော်သည်လည်း ယနေ့ တိုင်းရင်းသားရေးရာ ဆပ်ကော်မတီရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ Delivery Units တွေအနေနဲ့လည်း မကြာမီမှာ တိုင်းဒေသကြီး/ပြည်နယ်များကို ကွင်းဆင်းပြီးတော့မှ ပြည်သူများရဲ့ လိုအပ်ချက်ကို ကျွန်တော် ပေါင်းစပ်ညှိနှိုင်းဖို့ ရှိပါတယ်။ ဒီတော့ ကျွန်တော် ကွင်းဆင်းတဲ့အခါမှာလည်း ဒီက လွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြတဲ့ လမ်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ များမှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များနဲ့ ကျွန်တော် ဆွေးနွေးပြီးတော့ အကယ်၍များ ဒီ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ မပါသော်ငြားလည်း ကျွန်တော်တို့ဆီမှာ ငြိမ်းချမ်းရေးတည်ဆောက်မှု ရန်ပုံငွေဆိုတာ ရှိပါတယ်။ လိုအပ်လာလို့ ရှိရင် မဖြစ်မနေ လုပ်ရမယ်ဆိုလို့ ရှိရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊

တိုင်းဒေသကြီးအစိုးရတို့ရဲ့ ထောက်ခံတင်ပြချက်နဲ့ ကျွန်တော့်အနေနဲ့ ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းလည်း ကျွန်တော် တင်ပြလိုပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ဆီမှာ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဟာ တော်တော်များများ ရှိပါတယ်။ အကယ်၍ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး တင်ပြတဲ့အတိုင်းပဲ နိုင်ငံတကာအဖွဲ့အစည်းများမှာ ပါဝင်ဖို့ဆိုရင်လည်း ဒါ ကျွန်တော်တို့အနေနဲ့ မှတ်သားထားပြီးတော့မှ သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများကနေပြီးတော့မှ ဆောင်ရွက်ဖို့ ကမ်းလှမ်းတဲ့အခါမှာ ဒီလုပ်ငန်းများကို ကျွန်တော် အလျဉ်းသင့်သလို ထည့်သွင်းရေးဆွဲဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ကျွန်တော် ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးအား ကျွန်တော် မေးမြန်းလိုပါတယ်။ ဝန်ကြီးက ဖြေကြားသွားတာမှာ မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ် စည်ပင်သာယာရေး အစီအစဉ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကချင်ပြည်နယ်အစိုးရမှ ဆောင်ရွက်သွားမယ်လို့ ဖြေကြားသွားပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်တွေကဏ္ဍမှာ မေးမြန်းချက်၊ အဆိုပြုချက်တွေဟာ ကျွန်တော်တို့ ဘယ်လိုဆက်လက်ဆောင်ရွက်ရမလဲ။ ကျွန်တော်တို့ မြို့နယ်၊ ပြည်နယ်အစိုးရက တိုက်ရိုက်ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ဗဟိုမှာရှိတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များရဲ့ ဆောင်ရွက်ချက်ကဏ္ဍဟာ မရှင်းမလင်း ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမှာလဲ ဆိုတဲ့ နည်းလမ်းကို ပြန်လည် ဖြေကြားပေးစေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ခုနက မေးမြန်းတာဟာ ပြည်ထောင်စုဝန်ကြီး၊ သစ်တောရေးရာဝန်ကြီး၊ ဦးဝင်းထွန်း က ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီး၊ ဆောင်ရွက်ပြီးကြောင်း ကျွန်တော့်ဆီမှာ စာ အတိအကျ ရောက်လာပေးပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုကိစ္စမျိုးကို ယခု ဝန်ကြီးဖြေကြားချက်အတိုင်းဆိုရင် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ ဘယ်လိုနေမလဲလို့ ကျွန်တော် ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဗိုလ်ချုပ်မောင်မောင်အုန်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ကျွန်တော် ယခု မေးတဲ့ ကိုယ်စားလှယ်ကြီးက ဦးပေါ်လျှံလွင် ထင်ပါတယ်ခင်ဗျား။ ဦးပေါ်လျှံလွင် တင်ပြတာဆိုရင် ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ကျွန်တော်တို့ ဦးပေါ်လျှံလွင် တင်ပြတဲ့ ကိစ္စ(၂)ခုကို ဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဦးပေါ်လျှံလွင် တင်ပြ ခဲ့တဲ့ မတူပီမြို့နယ်၊ ရေဇွာ-လိုင်လင်းပီ လမ်း(၅၁)မိုင်နဲ့ မြေသား(၁၆)မိုင် ဖောက်လုပ်ခြင်း၊ (၁၂)ပေ အကျယ်(၇)ပေအမြင့် ဒါကိုလည်း အခု ဘတ်ဂျက်နဲ့ ဆောင်ရွက်နေပါတယ်။

နောက်တစ်ခါ ဦးပေါ်လျှံလွင် တင်ပြခဲ့တဲ့ မတူပီမြို့နယ်၊ လိုင်လင်းပီ-ရှမ်းလင်းဝလမ်း (၃၄)မိုင် မြေနဲ့ ကျောက်ခင်းခြင်းကိုလည်း ယခု ဘတ်ဂျက်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဘတ်ဂျက်မှာတော့ ကိုယ်စားလှယ်ကြီး တင်ပြတဲ့(၂)ခုကို ဘတ်ဂျက်မှာ ရေးဆွဲထားပြီး ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ ဒီဘတ်ဂျက်မှာ ကျွန်တော်တို့ ဆွဲတဲ့အခါမှာကျတော့ ခုန ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပါပဲ၊ ယခင်တုန်းကတော့ ဒီနယ်စပ်ရေးရာဝန်ကြီးဌာန ကနေပြီးတော့ပဲ ဘတ်ဂျက် အားလုံးကို ရေးဆွဲပြီးတော့မှ တိုင်းဒေသကြီးကို တင်ဒါစနစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်စေခဲ့တာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်က ဘတ်ဂျက် ခွဲတဲ့အခါမှာတော့ ကျွန်တော်တို့ဟာ ဒီ တင်ဒါစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် ပွင့်လင်းမြင်သာအောင်လို့ ကျွန်တော်တို့ ဝန်ကြီးဌာန များကနေတစ်ဆင့် တိုက်ရိုက်မသွားတော့ဘဲနဲ့ ဒီလိုအပ်တဲ့ လုပ်ငန်းတွေကို ပြည်ထောင်စုအစိုးရ ကနေမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရကို တိုက်ရိုက်ချပေးပြီးတော့မှ တင်ပြပြီး ဆောင်ရွက်မယ့် စနစ်ကို သွားမှာဖြစ်ပါတယ်။ လုပ်ငန်းများ ပိုမိုပြီးတော့မှ ထိရောက်အောင်မြင်ပြီးတော့မှ သက်ဆိုင်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များကနေပြီးတော့မှ ပြည်သူ့ဆန္ဒကို တိုက်ရိုက် ဒါ ပြည်ထောင်စုအစိုးရ ကို တင်ပြနိုင်အောင် လမ်းဖွင့်ပေးခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့တိုင်းရင်းသားရေးရာ ကိစ္စများ ကိုပဲ ထဲထဲဝင်ဝင်နဲ့ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားများအရေးကို ဆောင်ရွက်နိုင်အောင် နိုင်ငံတော်ရဲ့ မူဝါဒနဲ့ လုပ်ပေးသင့်တဲ့ လုပ်ပေးရမယ့်လုပ်ငန်းများကို ဒါ ကျွန်တော်တို့ ဆောင်ရွက်သွားရမယ့် အနေအထား ဖြစ်ပါတယ်။ ခုန ကိုယ်စားလှယ်ကြီး တင်ပြတဲ့ဟာကိုလည်း မှတ်ထားပါတယ်။ ဒီတော့ ကျွန်တော်တို့က ဘတ်ဂျက်ဆွဲတဲ့အခါကျလို့ရှိရင် ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနမှာပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှာဖြစ်ဖြစ် တစ်ခုခုမှာပါမှ ကျွန်တော်တို့အနေနဲ့လည်း ဦးစားပေး (၁)(၂)(၃) ရတဲ့ ဘတ်ဂျက်အပေါ်မှာ မူတည်ပြီး ဆွဲရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ လမ်းကို ဒီနှစ်ဘတ်ဂျက်မှာ မပါပါဘူး။ နောက်နှစ် ဘတ်ဂျက်မှာလည်း ကျွန်တော်တို့ ထည့်သွင်းထားခြင်း မရှိပေမယ့် အမှန်တကယ် လိုအပ်တယ်ဆိုရင် ကျွန်တော်ခုန တင်ပြဆွေးနွေးခဲ့တဲ့ Delivery Units ဆိုတာ ဒီကိစ္စတွေကို ကျွန်တော်တို့ အမြန်ပြီးပြတ်အောင် ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ကျွန်တော် ပြန်လည်ပေါင်းစပ်ပြီးတော့မှ မဖြစ်မနေ ဒီပြည်နယ်အတွက် ဒီလမ်းဟာ လုပ်ပေးသင့်တယ်လို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအနေနဲ့ ဒါ တင်ပြလာတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့လည်း ဘာမှပြောစရာအကြောင်း မရှိပါဘူး။ ကျွန်တော် ဒီလိုဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ဟာကို မှတ်ထားပြီးရင် ကျွန်တော် ဆင်းသွားပြီးရင် ပြည်နယ်အစိုးရနဲ့ ပြန်ညှိပြီးတော့မှ ဒီကိစ္စတွေကို ကျွန်တော် အားလုံးပြန်လည် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာဖြစ်ကြောင်း ကျွန်တော်ဖြေကြားခြင်း ဖြစ်ပါတယ်။ အဓိကကတော့ လုပ်ငန်းလုပ်ရင် ကျွန်တော်တို့က ဘတ်ဂျက် လိုအပ်ပါတယ်။ ဘတ်ဂျက် ရဖို့ကျတော့လည်း ကျွန်တော်တို့က လျာထားချက်မှာပါမှဖြစ်တဲ့အတွက် လျာထားချက်မှာ ပါဝင်နိုင်အောင် ကိုယ်စားလှယ် ကြီးများကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

## ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင်။ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီးမှ တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် ရည်ရွယ်ချက်၊ အကြောင်းအကျိုး ဖော်ပြချက်များ ပူးတွဲတင်ပြလျက် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တင်သွင်းသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးနိုင်က ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တိုင်းရင်းဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးဝါး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၀-၂၀၁၃(တနင်္လာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမယ့် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကအဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေ ခွဲ(က) အရ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင်။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီးမှ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် ရှင်းလင်းတင်ပြချက်များ ပူးတွဲတင်ပြလျက် အဆိုကို တင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက တင်သွင်းသွားသော အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ ဆွေးနွေးစဉ်းစားရန် အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဒေါက်တာစိုးဝင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁:၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၇-၁၀-၂၀၁၃ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမယ့် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၃)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် အတည် ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီနေ့အစည်းအဝေးမှာ ခေါင်းပေါင်းမေ့ကျန်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိနေတယ်။ ကြိုတင်လာပြီးတော့ ခွင့်ပန်ထားတဲ့အတွက် ခွင့်လွှတ်ပါတယ်။ ခွင့်လွှတ်လိုက်ရကြောင်း လည်း ထုံးတို့လို့တော့ မှတ်ထားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]